# ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်း ခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၂၉၀ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၂၈ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၄ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၀၈ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။




ဓာတ်ပုံ ဗွီအိုအေ
အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ တွစ်တာစာမျက်နှာ လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ

**နိုင်ငံရေးအကျဉ်းသားများ ........ 3**

ဖမ်းဆီးခံရခြင်းများ ........ 3

တရားစွဲဆိုခံရခြင်းများ ........ 4

တရားရင်ဆိုင်ရခြင်းများ ........ 6

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ........ 6

ထောင်တွင်းအခြေအနေများ ........ 7

နိုင်ငံရေးအကျဉ်းသားဟောင်းများ ........ 8

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ** ........ 9

လယ်ယာမြေအငြင်းပွားမှုများ ........ 10

**အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links ........ 15**

# နိုင်ငံရေးအကျဉ်းသားများ

## ဖမ်းဆီးခံရခြင်းများ

**စရဖတပ်ဖွဲ့မှ တပ်ကြပ်တစ်ဦးသေဆုံးမှုနှင့် ပတ်သက်၍ ရခိုင်လူငယ်သုံးဦး ဖမ်းဆီးခြင်းခံရ**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် စက်တင်ဘာလ ၂၅ ရက်နေ့၊ ညနေ ၉ နာရီ အချိန်ခန့်၌ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (စရဖ) မှ တပ်ကြပ်အဆင့်ရှိသူ ကိုဖိုးလုံး (ခ) ဝင်းထိုက်သည် အမည်မသိ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ထိုအမှုနှင့်ပတ်သက်၍ စစ်တွေတက္ကသိုလ်၌ နောက်ဆုံးနှစ် ရူပဗေဒ အထူးပြုဖြင့် တက်ရောက်နေသူ ဘူးသီးတောင်မြို့နယ်မှ ကိုအောင်ချေ (ခ) အောင်ဇော်လင်းသည် စာမေးပွဲဖြေဆိုပြီး ကျောင်းမှအပြန်၌ စစ်တွေမြို့လယ် မီးစက်လမ်းဆုံတွင် အောက်တိုဘာလ ၉ ရက်နေ့တွင်လည်းကောင်း၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ရခိုင်အမျိုးသားပါတီ (ANP) မှ လူငယ်တစ်ဦးဖြစ်သူ ကိုမေယုထွန်း (ခ) ဇော်ဝင်းအား စစ်တွေလောကနန္ဒာ ဘုရားအနီးတွင်လည်းကောင်း၊ ခိုင်ဘိုဘို (ခ) ခိုင်သော်ကို ၎င်းနေထိုင်သည့် ပေါက်တော မြို့နယ်တွင်လည်းကောင်း ဖမ်းဆီးခြင်းခံခဲ့ရသည်။ စရဖတပ်ဖွဲ့ဝင် အသတ်ခံရသည့်နေ့တွင် ကိုမေယုထွန်း (ခ) ဇော်ဝင်းသည် လွှတ်တော် ကိုယ်စားလှယ် အချို့နှင့်အတူ ရသေ့တောင်မြို့နယ်၊ ကံပြင်ကျေးရွာသို့ မဲဆွယ်စည်းရုံးရေး ခရီးစဉ် ရောက်ရှိနေချိန်ဖြစ်သည်။ ပေါက်တောမြို့ခံ ကိုခိုင်ဘိုဘို (ခ) ခိုင်သော်မှလည်း စရဖတပ်ဖွဲ့ဝင် သေဆုံးမှုနှင့် သက်ဆိုင်မှု မရှိကြောင်း၊ ထိုအချိန်က ၎င်းသည် သူငယ်ချင်း ငါးဦးနှင့်အတူ စစ်တွေကမ်းခြေ၌ ဘီယာသောက်နေခြင်း ဖြစ်ကြောင်းပြောကြားခဲ့သည်။ ၎င်းတို့အားလုံးကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ထားပြီး အောက်တိုဘာလ ၂၂ ရက်နေ့အထိ ချုပ်ရက်ရမန်ယူထားသည်။ ၎င်းတို့သုံးဦး၏ ချုပ်ရက်ရမန်သည် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြည့်သွားခဲ့သည့်အတွက် ထပ်မံစစ်ဆေးရန် လိုအပ်သည်ဟုဆိုကာ ရဲတပ်ဖွဲ့မှ စစ်တွေမြို့နယ်တရားရုံးတွင် ဒုတိယမြောက် ရမန်နစ်ပတ်အဖြစ် နိုဝင်ဘာလ ၅ ရက်နေ့အထိချုပ်ရမန် ရယူခဲ့သည်။

ထိုသေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အထောက်အထားမဲ့ ဖမ်းဆီးထားသော ရခိုင်လူငယ်သုံးဦးကို အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ အဆိုပါသတင်းစာရှင်းလင်းပွဲ၌ ဖမ်းဆီးခံခဲ့ရသူများအနက်မှ ကိုခိုင်ဘိုဘိုနှင့် ကိုအောင်ဇော်လင်းတို့သည် အခင်းဖြစ်ပွားသည့်နေ့တွင် ၎င်းတို့နှင့် အတူရှိနေကြောင်း ၎င်းတို့၏ သူငယ်ချင်းများမှ ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှလည်း ကိုမေယုထွန်းသည် အခင်းဖြစ်ပွားသည့်နေ့တွင် သူမနှင့်အတူ ရသေ့တောင်မြို့နယ်၊ ကံပြင်ကျေးရွာ၌ မဲဆွယ်စည်းရုံး၍ ရှိနေသည်ဟု ထောက်ခံပြောကြားခဲ့သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအပါအဝင် စုစုပေါင်း လူဦးရေ ၂၅ ဦးခန့် တက်ရောက်ခဲ့သည်။

**ဖုယွင်သပိတ် အကြမ်းဖက်ခံရမှုပေါ် ရှုတ်ချကြောင်း လက်ကမ်းစာစောင်ဝေသူ နှစ်ဦး ဖမ်းဆီးခြင်းခံရ**

အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဗကသကျောင်းသား ကိုနှင်းအောင်နှင့်ကိုဝေယံတို့သည် ဖုယွင်အလုပ်သမားသပိတ် အကြမ်းဖက်ခံရမှုအပေါ် ရှုတ်ချကြောင်း မျက်နှာဖုံးစွပ်၍ လက်ကမ်းစာစောင်ဝေနေစဉ် အရပ်ဝတ်လူတစ်စု၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းတို့ကို စမ်းချောင်းမြို့နယ်ရဲစခန်း၌ ဖမ်းဆီးထားကြောင်း ဖုယွင်အလုပ်သမားသမဂ္ဂ မသက်ထားဆွေမှ ပြောကြားခဲ့သည်။

**တပ်မတော်မှ KBC ဓမ္မ ဆရာမ အပါဝင် အရပ်သား ၁၅ ဦးကို ဖမ်းဆီး**

အောက်တိုဘာလ ၂၄ ရက်နေ့တွင် မြစ်ကြီးနားအခြေစိုက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) တပ်များမှ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဓမ္မဆရာမတစ်ဦး အပါဝင် ၁၅ ဦးကို မြစ်ကြီးနား-ဗန်းမော်လမ်း Nam San Yang (နမ်ဆန်ယန်) ကျေးရွာတွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ဖမ်းဆီးခံထားရသည့် KBC အမှုတော်ဆောင် ဆရာမ Cham Loiq (Lacham) Hkawng Nyoi (ခေါင်ညွယ်) သည် ပိုင်းမော်ဖုံနယ် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းများအဖွဲ့ ဖုန်မိုင်ယန် (Hpung Mai Yang) အသင်း

တော်တွင် အမှုဆောင်နေသည်ဟု ပိုင်းမော် KBC ဆရာတစ်ဦးမှ အတည်ပြု ပြောကြားခဲ့သည်။ ဆရာမသည် နယ်စပ် တရုတ်ပြည်ဘက်ခြမ်း သာသာနာခရီးစဉ်မှ Laiza-Nam San Yang (လိုင်ဇာ-နမ်ဆန်ယန်) လမ်းမှ ပိုင်းမော်သို့ အပြန် သူမ လိုက်ပါသော ဆိုင်ကယ် ကယ်ရီ သမားနှင့်အတူ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ပိုင်းမော် KBC မှ ဆိုသည်။

ဖမ်းဆီးခံရသူ ၁၅ ဦးအနက် ရှစ်ဦးသည် အမျိုးသမီးများဖြစ်ကြပြီး ခုနစ်ဦးသည် အမျိုးသားများဖြစ်ကြသည်။ ၎င်းတို့တွင် KBC အမှုတော်ဆောင် ဆရာမနှင့် စစ်ရှောင်များ၊ ကားဒရိုင်ဘာများ၊ မော်တော်ဆိုင်ကယ် ကယ်ရီသမားများအပြင် တရုတ်နယ်စပ် ခရီးသည်များ လည်း ပါဝင်သည်ဟု သိရှိရသည်။

**တပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းထားသော ကချင်ရွာသား တချို့ ပြန်လည် လွတ်မြောက်**

အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်အတွင်း တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဗန်းမော်မြို့နယ်၊ နမ်ခုတ်နှင့် အောင်မြင်သာကျေးရွာများမှ ရွာသား ၁၀ ဦးကျော်ကို တပ်မတော်မှ ယာယီထိန်းသိမ်းခဲ့သည်။ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်း ခံထားရသော ရွာသား ၁၀ ဦးအနက် လေးဦးကို တပ်မတော်မှ ပြန်လွှတ်ပေးခဲ့သည်။

## ▶ တရားစွဲဆိုခံရခြင်းများ

**ရေမည်းညစ်ခြင်းကြောင့် ခုံများ သေဆုံးဟု လူမှုကွန်ရက်တွင် ရေးသားသူ ဆက်သွယ်ရေး ပုဒ်မဖြင့် အမှုဖွင့်ခံရ**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကျားအိုချောင်းကျေးရွာအနီး၌ ရေများညစ်ညမ်းခြင်းကြောင့် ခုံများသေဆုံးသည်ဟု လူမှုကွန်ရက်စာမျက်နှာ၌တင်ခဲ့ခြင်းအတွက် အမ်းမြို့နယ် ပိုက်လိုင်းရေးရာစောင့်ကြည့်လှုပ်ရှားရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလွင် သည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၈ (က) ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ဦးမျိုးလွင်အား ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ အမ်းမြို့နယ် ဒုတိယ အုပ်ချုပ်ရေးမှူးမှ တရားလိုပြုလုပ်ကာ အောက်တိုဘာလ ၁ ရက်နေ့တွင် အမ်းမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

**Eleven သတင်းထောက်များကို တရားစွဲဆို**

အောက်တိုဘာလ ၈ ရက်နေ့ထုတ် Eleven မီဒီယာတွင် အကြီးတန်းအယ်ဒီတာ ကိုဖြိုးဝေ ရေးသားခဲ့သည့် "အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ငွေချေးသူ ဘယ်သူမှန်းမသိတဲ့ ကျောင်းကားနဲ့ လူနာမည်ပေါက် ပြည်သူ့ရှယ်ယာ" သတင်းသုံးသပ်ချက်ဆောင်းပါးသည် ရန်ကုန်တိုင်းအစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်သည်ဟုဆိုကာ အောက်တိုဘာလ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်မှ Weekly Eleven မီဒီယာ အယ်ဒီတာချုပ် ကိုကျော်ဇေလင်း၊ တာဝန်ခံအယ်ဒီတာ ကိုနရီမင်းနှင့် အကြီးတန်းသတင်းထောက် ကိုဖြိုးဝေတို့ကို တာမွေမြို့နယ်တရားရုံး၌ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့သည်။ ယင်းနေ့တွင်ပင် တာမွေမြို့နယ်ရဲတပ်ဖွဲ့မှ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် ၎င်းတို့သုံးဦးအား ဖမ်းဆီးရန် Eleven မီဒီယာရုံးသို့ သွားရောက်ခဲ့သော်လည်း ရုံးချိန်ပြင်ပ ဖြစ်နေသောကြောင့် ၎င်းတို့နှင့် တွေ့ဆုံခဲ့ခြင်းမရှိခဲ့ပါ။ သို့သော်လည်း အောက်တိုဘာလ ၁၀ ရက်နေ့တွင် ၎င်းတို့သုံးဦးသည် တာမွေမြို့နယ် ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်၍ ဖမ်းဆီး စစ်ဆေးခံခဲ့ကြသည်။ တာမွေမြို့နယ်ရဲစခန်းမှ ၎င်းတို့သုံးဦးအား အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့သည်။ သတင်းမီဒီယာကောင်စီ (MPC) သို့ အကြောင်းကြားခြင်းမရှိဘဲ တိုင်းဒေသကြီးအစိုးရမှ တရားရုံးသို့ ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ ၁၇ ရက်နေ့တွင် ၎င်းတို့သုံးဦးကို တာမွေမြို့နယ်တရားရုံး၌ ရုံးထုတ် စစ်ဆေးခဲ့ပြီး ၎င်းတို့မှ အာမခံရရှိရန် လျှောက်ထားခဲ့သည်။ အောက်တိုဘာလ ၂၆ ရက်နေ့တွင် တာမွေမြို့နယ်တရားရုံးမှ ၎င်းတို့သုံးဦးကို တစ်ဦးလျှင် ကျပ်သိန်း တစ်ရာစီဖြင့် အာမခံပေးခဲ့သည်။ တာမွေမြို့နယ်တရားသူကြီးမှ နောက်တစ်ကြိမ်ရုံးချိန်းကို နိုဝင်ဘာလ ၉ ရက်နေ့တွင် ချိန်းဆိုခဲ့သည်။

နိုင်ငံတော် သမ္မတမှ ထိုအမှုကို သတင်းမီဒီယာကောင်စီမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် မီဒီယာဥပဒေနှင့်သာ အရေးယူရန် ရန်ကုန်တိုင်း အစိုးရကို ညွှန်ကြားထားသည်။

**ပုဒ်မ ၁၉ ကို ဖောက်ဖျက်ရာရောက်သည့်အတွက် ဖုယွင် အလုပ်သမားသပိတ်ကို ထောက်ခံကြောင်း ဦးဆောင် ဆန္ဒပြခဲ့သူ လေးဦးကို ရဲစခန်း၌ လာရောက်ရှင်းလင်းရန် အကြောင်းကြား**

ဖုယွင်စက်ရုံအလုပ်သမားသပိတ်ကို ထောက်ခံကြောင်း ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်ပြုလုပ်ခဲ့သော ဦးအောင်မြင့်၊ ကိုမြတ်ကျော်၊ ကိုကျော်မျိုးနှင့် ကိုသက်မျိုးအောင်တို့သည် ငြိမ်းစုစီ ဥပဒေ ပုဒ်မ ၁၉ ကို ဖောက်ဖျက်ရာ ရောက်သည့်အတွက် ကျောက်တံတားမြို့မရဲစခန်း၌ လာ ရောက်ရှင်းလင်းရန် အောက်တိုဘာလ ၈ ရက်နေ့တွင် အကြောင်းကြားစာပေးပို့ခံထား ရသည်။ ၎င်းတို့လေးဦး သည် ဖုယွင်အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ပယ်ခံခဲ့ ရသည့် အလုပ်သမား ၃၀ ဦးကို ပြန်လည်ခန့်ထားရေးနှင့် အလုပ်သမားများ တောင်းဆိုထားသည့် တောင်းဆိုချက် ကိုးချက် ရရှိရေးအတွက် အောက်တိုဘာလ ၇ ရက် နေ့တွင် မဟာဗန္ဓုလပန်းခြံရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့ကြ သည်။ ဖုယွင်အထည်ချုပ်စက်ရုံသည် တရုတ်နိုင်ငံသားပိုင် အထည်ချုပ်စက်ရုံတစ်ခုဖြစ်ပြီး အလုပ်သမားကိုယ်စား လှယ် ၃၀ ဦးကို အလုပ်ထုတ်ပယ်ခဲ့ခြင်းကြောင့် ပြန်လည် ခန့်ထားပေးရန် သပိတ်စခန်းဖွင့်ထားခြင်းဖြစ်သည်။

**NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်ကို လွှတ်တော်အမတ်မှ အမှုဖွင့်**

အောက်တိုဘာလ ၂၃ ရက်နေ့တွင် အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်ဟောင်း မကွေးတိုင်းဒေသ ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင် ထွန်းမှ NLD ပါတီဗဟို၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ မျိုးညွန့်ကို မင်းဘူးမြို့မ ရဲစခန်းတွင် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ် ပေးရေးဥပဒေ၊ ပုဒ်မ ၁၀ ဖြင့် အမှုဖွင့်ခဲ့သည်။ ဦးတင် အောင်ထွန်းအပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်နှစ်ဦးကို NLD ပါတီမှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ဒေါက်တာမျိုးညွန့်မှ မီဒီယာများကို ပြောကြားခဲ့ရာတွင် ပါဝင်သည့်အချက်များကြောင့် ၎င်း၏ ဂုဏ်သိက္ခာ ထိခိုက် နစ်နာခဲ့၍ မင်းဘူးမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်းဖြစ် ကြောင်း ဦးတင်အောင်ထွန်းမှ ပြောကြားခဲ့သည်။

**ချင်းအမျိုးသားတပ်ဦး တပ်ဖွဲ့ဝင် ၂ ဦးကို မတရား အသင်း ဥပဒေဖြင့် အမှုဖွင့်**

အောက်တိုဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်တိုင်း ရဲတပ် ဖွဲ့မှ ရဲအုပ်ကျော်ဝင်းနိုင်မှ ကချင်လွတ်မြောက်ရေး တပ် မတော် (KIA) ဌာနချုပ် လိုင်ဇာ၌ အခြေခံစစ် သင်တန်း လေးလကြာ တက်ရောက်ခဲ့သည့် ချင်းအမျိုးသားတပ် ဦး (CNF) ၏ တပ်ဖွဲ့ဝင် နှစ်ဦးဖြစ်သော ဆလိုင်းနိုင် ထွန်းနှင့် ကိုအောင်ရန်လင်းတို့ကို မတရား အသင်းဥပ ဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်ခဲ့သည်။ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ သုံးခွရပ်ကွက်၊ အမှတ် ၂ လမ်း၊ ဒီဇင်ဘာအိမ်ယာဝင်းအတွင်း နေထိုင်နေကြ သည့် ဆလိုင်းနိုင်ထွန်းနှင့် ကိုအောင်ရန်လင်းတို့ နှစ်ဦးကို အောက်တိုဘာလ ၂၂ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ ဝင် ရောက် စစ်ဆေး၍ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွင်း CNF ကို ဝင်ရောက်ခဲ့ပြီး အောက်တိုဘာလတွင် KIA ၌ စစ်သင်တန်း တက်ရောက်ခဲ့ကြောင်း၊ KIA မှ ဖွင့် လှစ်မည့် ဗိုလ်လောင်းသင်တန်းကို တက်ရောက်ရန် စောင့်ဆိုင်း နေစဉ်ကာလတွင် ဆက်လက်တာဝန် မထမ်းဆောင်လိုတော့ခြင်းကြောင့် တက္ကသိုလ် ပညာ ဆက်လက်သင်ကြားရန်အတွက် ရန်ကုန်သို့ ထွက်ပြေး လာခြင်းဖြစ်ကြောင်း ရဲစစ်ချက်တွင် ဖော်ပြထားသည်။

**တပ်မတော်အရာရှိများကို ကုလနှင့် အိုင်စီစီမှ အမြန်ဆုံး အရေးယူရေး ဆန္ဒထုတ်ဖော်သူနှစ်ဦး ငြိမ်းစုစီ ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ခံရ**

မြန်မာတပ်မတော်အရာရှိများကို ကုလသမဂ္ဂနှင့် နိုင်ငံတ ကာပြစ်မှုဆိုင်ရာတရားရုံး (ICC) မှ အမြန်ဆုံးအရေးယူရန် ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် အောက်တိုဘာလ ၃၀ ရက် နေ့တွင် ကျောက်တံတားမြို့နယ်ရဲစခန်းမှ ဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားမှုအင်အားစု (MDCF) အဖွဲ့မှ ဗဟိုကော်မတီဝင် ဦးသက်ဇင်နှင့် ကိုကျော်ဇင်လတ်တို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် လှည့်လည်ခွင့်ဆိုင်ရာဥပဒေ ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် အောက် တိုဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့လယ် မဟာဗန္ဓုလ ပန်းခြံရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

၎င်းတို့နှစ်ဦးကို လက်ရှိတွင် အာမခံပေးထားပြီး လာမည့် ရက်ပိုင်းအတွင်းတွင် တရားရုံးတင်မည်ဖြစ်ကြောင်း MDCF အဖွဲ့မှ ဗဟိုကော်မတီဝင် ဦးမှတ်ကြီးမှ ပြောကြားခဲ့သည်။

## ► တရားရင်ဆိုင်ရခြင်းများ

**တနင်္သာရီအပတ်စဉ်ဂျာနယ်ကို စွဲချက်တင်ရန် တရားရုံးဆုံးဖြတ်**

အောက်တိုဘာလ ၁ ရက်နေ့တွင် ထားဝယ်မြို့နယ်တရားရုံးမှ ထားဝယ်အခြေစိုက် တနင်္သာရီအပတ်စဉ် ဂျာနယ်ကို မဲဆွယ်အပြုံးအမည်ရ သရော်စာဖော်ပြခဲ့မှုနှင့် ပတ်သက်၍ သတင်းမီဒီယာပုဒ်မ ၂၅ (ခ) ဖြင့် စွဲချက်တင်ရန် ဆုံးဖြတ်ခဲ့သည်။ တနင်္သာရီတိုင်း အစိုးရအဖွဲ့မှ တရားစွဲဆိုထားခြင်းအား ချေဖျက်ပေးရန် လျှောက်ထားမှုကို အောက်တိုဘာလ ၂၆ ရက်နေ့တွင် နေပြည်တော် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပလပ်ခဲ့သည်။ ဩဂုတ်လ ၁၄ ရက်နေ့တွင် လျှောက်ထားမှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌ လက်ခံသင့်မသင့် လျှောက်လဲချက် ကြားနာပြီးနောက် ယင်းကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ဆုံးဖြတ်လိုက် သည့်အတွက် အမှုကို ထားဝယ်မြို့နယ် တရားရုံးတွင် ဆက်လက် စစ်ဆေးမည်ဖြစ်သည်။

**မြောက်ဦးမြို့နယ်တရားရုံးမှ လွှတ်ပေးခဲ့သော လူငယ်ရှစ်ဦးကို ရဲမှ အာမခံပေး**

ရခိုင်ပြည်နယ်၊ မြောက်ဦးအဓိကရုဏ်း ဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံတော်အလံအက်ဥပဒေ ပုဒ်မ ၁၆ နှင့် ထပ်မံဖမ်းဆီးခြင်းခံခဲ့ရသော ရခိုင်လူငယ်ရှစ်ဦးကို ပုဒ်မ ၁၆ ဖြင့် တရားစွဲဆိုရန်မသင့်ဟု ဥပဒေအကြံပြုချက်ရရှိသည့်အတွက် မြောက်ဦးမြို့နယ်တရားရုံးမှ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။ သို့သော်လည်း မြောက်ဦးရဲတပ်ဖွဲ့မှ အဆိုပါ လူငယ်ရှစ်ဦးဖြစ်သော မောင်ကျော်ဝင်းနိုင်၊ မောင်ကျော်မင်းစိုး၊ ဦးသန်းဇော်၊ မောင်အောင်ကျော်မြင့်၊ မောင်ရွှေမောင်၊ မောင်အောင်ဌေး၊ မောင်ထွန်းကျော်စိန်နှင့် မောင်ကျော်ကျော်နိုင်တို့ကို မြောက်ဦးမြို့နယ်ရဲစခန်းကို ခေါ်ယူသွားခဲ့သည်။ ထို့နောက် နောက်ထပ် ဖွင့်ထားသည့် အမှုများဖြစ်သည့် ပုဒ်မ ၃၃၂၊ ၃၃၃ တို့ ကျန်ရှိနေသေးသည့်အတွက် ထိုလူငယ်ရှစ်ဦးကို တစ်ဦးလျှင် ကျပ်ငါးသိန်းဖြင့် အာမခံပေးခဲ့ကာ လွှတ်ပေးခဲ့ကြောင်းအမှုအား လိုက်ပါဆောင်ရွက်သူ ရှေ့နေ ဦးထွန်းအောင်ကျော်မှ ပြောကြားခဲ့သည်။

**ကချင်တိုင်းရင်းသား တက်ကြွလှုပ်ရှားသူနှစ်ဦး အယူခံပယ်ချခံရ**

စစ်ပွဲအတွင်း ပိတ်မိနေသည့် စစ်ဘေးဒုက္ခသည်များကို ကယ်ဆယ်နိုင်ရေး မြစ်ကြီးနားမြို့တွင် ဦးဆောင်ဆန္ဒပြခဲ့သည့်အတွက် အသရေဖျက်မှုပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခြင်းခံထားရသော ကချင်တိုင်းရင်းသား သုံးဦးအနက် နှစ်ဦးဖြစ်သည့် ဦးဇော်ဂျတ်နှင့် ဦးလွမ်းဇောင်းတို့၏ အယူခံကို ကချင်ပြည်နယ်တရားလွှတ်တော်မှ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပယ်ချခဲ့သည်။ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် စွဲချက်တင်ထားခြင်းကို ပယ်ဖျက်ပေးရန် ကချင်ပြည်နယ် တရားလွှတ်တော် တွင် အယူခံတင်ထားသည်ကို ပြည်နယ်တရားလွှတ်တော်မှ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နှစ်ဘက်စစ်ဆေးခဲ့ပြီး ပယ်ချခဲ့ခြင်းဖြစ်သည်။

## ► ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် တစ်ဦးကို ဝေဖန်သူကို ထောင်ဒဏ် ၆ လ အမိန့်ချ**

အောက်တိုဘာလ ၂၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တရားရုံးမှ စစ်တွေ မြို့ဖိမြို့ဖအဖွဲ့ဝင် ဦးအောင်သန်းဝေကို "နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀" ဖြင့် ထောင်ဒဏ် ခြောက်လ၊ "ရာဇဝတ်မကင်းသော ခြောက်လှန့်မှု ဥပဒေ ပုဒ်မ ၅၀၆" ဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့ပြီး၊ ၎င်းပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံရန် အမိန့်ချမှတ်ခဲ့သည်။ ထို့အတွက် ဦးအောင်သန်းဝေသည် ထောင်ဒဏ် ခြောက်လသာ ကျခံရမည်ဖြစ်ပြီး ချုပ်ရက်များကို ထုတ်နုတ်ခံစားခွင့်ရှိကြောင်း သိရှိရသည်။ ဦးအောင်သန်းဝေသည် ဇန်နဝါရီလတွင် မြောက်ဦးမြို့၌ ဖြစ်ပွားခဲ့သော အဓိကရုဏ်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဟောင်း ဦးတင်မောင်ဆွေအား လူမှုကွန်ရက်စာမျက်နှာပေါ်၌ ဝေဖန်ရေးသားခြင်းအတွက် တရားစွဲဆိုခြင်းခံခဲ့ရပြီး ဖွန်လကတည်းက ဖမ်းဆီးခြင်းခံထားသည်။

**ကိုအောင်ကိုထွေးသည် ပုဒ်မ ၇ ကို ကျူးလွန်ခြင်းမရှိကြောင်း တရားရုံးဆုံးဖြတ်**

အောက်တိုဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်တရားရုံးမှ နိုင်ငံတော်အ

ထိမ်းအမှတ် တံဆိပ်ဥပဒေ ပုဒ်မ ၇ ဖြင့် တရားစွဲဆိုခြင်း ခံထားရသော ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို အမှုမှ တရားသေလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ကိုယ်ကျိုးအတွက် အသုံးပြုခြင်း မရှိကြောင်းနှင့် ပြစ်မှုထင်ရှားရှိကြောင်း မပေါ်ပေါက်သည့်အတွက် ကိုအောင်ကိုထွေးကို အပြီးအပြတ်လွှတ်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တရားရုံး၌ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ) ဖြင့် စွဲချက်တင်ခံရစဉ် ကိုအောင်ကိုထွေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ကို ခြေထောက်ဖြင့် နင်းခဲ့သည်ဟု စွပ်စွဲခြင်းခံခဲ့ရပြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှူး ရဲမှူးမောင်မောင်မှ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ကိုအောင်ကိုထွေးသည် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ဥပဒေပုဒ်မ ၇ ဖြင့် တရားစွဲခံထားရမှုမှ လွှတ်မြောက်သွားပြီ ဖြစ်သော်လည်း နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် ထောင်ဒဏ် နှစ်နှစ်၊ တရားရုံး မထီမဲ့မြင်ပြုမှု၊ ရာဇသတ်ကြီး ပုဒ်မ ၂၂၈ ဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခံထားရသည့်အတွက် ပြစ်ဒဏ် ဆက်လက် ကျခံနေရဆဲဖြစ်သည်။

**ပြစ်မှုဆိုင်ရာပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခံထားရသည့် တောင်သူများအား မဟာအောင်မြေတရားရုံးမှ တရားသေလွှတ်ကြောင်း အမိန့်ချမှတ်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဧရာဝတီမြစ်ဆိပ်အနီးရှိ သိမ်းဆည်းခံလယ်ယာမြေများပေါ်တွင် ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်နေသည်ဟုဆိုကာ တရားစွဲဆိုခြင်းခံထားရသည့် တောင်သူသုံးဦးနှင့် ဝန်းရံသူသုံးဦးတို့ကို အောက်တိုဘာလ ၂၆ ရက်နေ့တွင် မဟာ အောင်မြေမြို့နယ်တရားရုံးမှ အပြစ်မရှိဟု ဆုံးဖြတ်ခဲ့ပြီး တရားသေလွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ဧရာဝတီမြစ်ဆိပ် ကမ်းနားလမ်းဖောက်လုပ်ရန် အတွက်ဟုဆိုကာ ဘိုးဘွားစဉ်ဆက် စိုက်ပျိုးလုပ်ကိုင်နေသည့် မူလပိုင်တောင်သူများဖြစ်သည့် ဦးသောင်း၊ ဒေါ်ဂွက်ထော်၊ ဦးပေါက်စ၊ ဒေါ်တင်ဌေးနှင့် သမီး ဒေါ်မြင့်မြင့်စန်းတို့၏ လယ်ယာမြေ ၁၀ ဒဿမ ၅၀ ဧကကို သိမ်းဆည်းသွားခဲ့ရာမှ ပိုလျှံနေသည့် လယ်ယာမြေ ငါးဧကခန့်ကို ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာအဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြတောင်းခံခဲ့သည်။ သို့သော်လည်း ထူးခြားမှု တစ်စုံတစ်ရာမရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ဝင်ရောက်စိုက်ပျိုးရယူခဲ့ကြရာမှ အဆိုပါ လယ်ယာမြေများအား ရေကြောင်းရဲတပ်ဖွဲ့မှ ပြန်လည်လွှဲပြောင်းရယူထားသည်ဟုဆိုကာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ရေကြောင်းရဲတပ်ဖွဲ့မှ တရားလိုပြုလုပ်၍ အဆိုပါ ခြောက်ဦးအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၄၇ ဖြင့် မဟာအောင်မြေမြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## ► ထောင်တွင်းအခြေအနေများ

**တရားလွှတ်တော်ရှေ့နေဟောင်း ဦးဇော်ဂင်းကို ရဲတပ်ဖွဲ့မှ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း မရှိဟုဆို**

ဖမ်းဆီးတရားစွဲဆိုခြင်းခံထားရသော တရားလွှတ်တော်ရှေ့နေဟောင်း ဦးဇော်ဂင်းကို တာဂန်ဂတ္တရားနောင့်ယှက်မှုဖြင့် အကျဉ်းထောင်၌ စစ်ဆေးစဉ် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းမရှိကြောင်း မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီးမျိုးအောင်မှ ပြောကြားခဲ့သည်။ ဦးဇော်ဝင်းကို ပြည်ကြီးတံခွန်မြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စုသက်ငုံမှ တရားလိုပြုလုပ်၍ တာဂန်ဂတ္တရားနှောင့်ယှက်မှုအပါအဝင် ပုဒ်မလေးခု၊ ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမှ တရားလိုပြုလုပ်၍ ပုဒ်မ ၅၀၅(ခ)နှင့် မတ္တရာမြို့နယ်တရားရုံး၌ အမှုရင်ဆိုင်စဉ် တရားသူကြီး၏ အာမခံရပ်သိမ်းမှုကို မကျေနပ်၍ တရားသူကြီးအား ဖိနပ်ဖြင့်ပစ်ပေါက်မှုတို့ဖြင့် အမှုဖွင့်ထားသည်။ ထို့ပြင် ပြီးခဲ့သည့်လကုန်ပိုင်းတွင် ဦးဇော်ဝင်းသည် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တာဂန်ဂတ္တရားနှောင့်ယှက်မှုဖြင့် အမှုဖွင့်ခံထားရသည်။

အဆိုပါတရားစွဲဆိုမှုများနှင့်ပတ်သက်၍ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဦးဇော်ဂင်းကို ပြည်ကြီးတံခွန် မြို့နယ်တရားရုံးတွင် ရုံးထုတ်လာစဉ် ရဲတပ်ဖွဲ့ဝင်များအား ဆဲဆိုသည့်ကိစ္စဖြင့် ရဲအုပ်နှင့်ဒုရဲအုပ်တို့မှ လာရောက်စစ်ဆေးပြီး အကျဉ်းထောင် ဝန်ထမ်းကို မိတ္တူကူးခိုင်းစဉ် သုံးဦးတည်း ရှိနေသည့်အချိန် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းဖြစ်ကြောင်း ဦးဇော်ဂင်း၏ ပြောကြားချက်ကို တက်ကြွလှုပ်ရှားသူ ကိုသိန်းအောင်မြင့်မှ ပြန်လည်ပြောကြားခဲ့သည်။

## ဝါရင့်နိုင်ငံရေးသမားကြီး နိုင်ငွေသိမ်း ကွယ်လွန်

အောက်တိုဘာလ ၂ ရက်နေ့တွင် မွန်အမျိုးသားပါတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၉၅ နှစ်ရှိ ဝါရင့်နိုင်ငံရေးသမားကြီး ဦးနိုင်ငွေသိမ်းသည် ကွယ်လွန်သွားခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေး ပုဒ်မဖြင့် အကြိမ်ကြိမ် ဖမ်းဆီးအကျဉ်းချခြင်းခံခဲ့ရသည်။ ဦးနိုင်ငွေသိမ်းသည် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုပြီးနောက် မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ (MNDF) ကို ဦးဆောင် ထူထောင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး၌ ပါတီဖျက်သိမ်းခံခဲ့ရပြီး ၂၀၁၂ ခုနှစ်တွင် မွန်ဒီမိုကရေစီပါတီ (MDP) အမည်ဖြင့် ပါတီကို ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်၌ မွန်ဒီမိုကရေစီပါတီကို မွန်အမျိုးသားပါတီအဖြစ် အမည်ပြောင်းလဲခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်မှုပေးခဲ့သူလည်း ဖြစ်သည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**တပ်မ ၆၆ စစ်သားများ မုံးကိုးဒေသခံရွာသားများထံမှ ရိက္ခာလုယူနေ**

စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မုံးကိုးမြို့နယ်အတွင်း ရောက်ရှိနေသော တပ်မ ၆၆ မှ စစ်သားများသည် ၎င်းတို့၏ ရိက္ခာအတွက် ဒေသခံရွာသားများထံမှ ဆန်၊ ဆီ၊ ဆားမှအစ အိမ်မွေးကြက်များကိုပါ လုယူစားသောက်နေကြသည်ဟု ဒေသခံရွာသားများမှ ပြောကြားခဲ့သည်။ ယင်းကဲ့သို့ အခကြေးငွေမပေးဘဲ စားနပ်ရိက္ခာ များ လုယူနေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။ ထိုလုပ်ရပ်များကြောင့် ရွာသားများသည် စားဝတ်နေရေးအတွက် ပူပန်နေကြရသည်။

**UWSA ဖမ်းထားသည် “ဝ” ခရစ်ယာန်ဓမ္မဆရာများ ပြန်လည်လွတ်မြောက်**

အောက်တိုဘာလ ၁၀ ရက်နေ့တွင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) မှ ဖမ်းဆီးခဲ့သော လားဟူ ခရစ်ယာန်သာသနာပြု ဓမ္မဆရာ ၉၂ ဦးသည် ခံဝန်လက်မှတ်ဖြင့် ပြန်လည်လွတ်မြောက်ခဲ့သည်။ ၎င်းတို့သည် ကျမ်းစာမဖတ်ရန်၊ ဆုတောင်းခြင်းမပြုလုပ်ရန်နှင့် ခရစ်တော်ကိုမယုံကြည်ရန်ဟူသော ကတိခံဝန်ချက်များ ရေးထိုး၍ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ကျမ်းစာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၄၁ ဦးကိုမူ ဆက်လက်ထိန်းသိမ်း ထားဆဲဖြစ်သည်။ ထို့ပြင် အောက်တိုဘာလ ၂ ရက်နေ့တွင်လည်း ခရစ်ယာန်သာသနာပြု ၁၀၀ ကျော်ကို ပြန်လည်လွှတ်ပေးခဲ့သည်ဟု ‘ဝ’ နှင့် လားဟူခရစ်ယာန်နှစ်ချင်းအဖွဲ့ချုပ် တာဝန်ရှိသူများမှ ပြောကြားခဲ့သည်။

**TNLA မှ ဖမ်းဆီးထားသော ရှမ်းအမျိုးသမီး နန်းမိုးဟွမ် လွတ်မြောက်**

တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဖမ်းဆီး၍ ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့မှ ရှမ်းအမျိုးသမီး နန်းမိုးဟွမ်သည် အောက်တိုဘာလ ၁၅ ရက်နေ့တွင် TNLA ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့၏ ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေး ညှိနှိုင်းရေးကော်မတီ (FPNCC) ၏ ကြားဝင်ညှိနှိုင်းပေးမှုအရသော်လည်းကောင်း၊ မဟာမိတ်အဖွဲ့အစည်းဖြစ်သည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၏ မေတ္တာရပ်ခံချက်အရသော်လည်းကောင်း၊ ရှမ်းနှင့် တအာင်း လူမျိုးနှစ်မျိုး၏ ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ နန်းမိုးဟွမ်အား ခွင့်လွှတ်ပေးခဲ့ပြီး အမြန်ဆုံး ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း TNLA ၏ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူး မိုက်အိုက်ကျော်မှ ပြောကြားခဲ့သည်။

နန်းမိုးဟွမ် ထောင်ဒဏ်သုံးနှစ် ချမှတ်ခြင်းခံခဲ့ရခြင်းနှင့် ပတ်သက်၍ အောက်တိုဘာလ ၉ ရက်နေ့တွင် FPNCC၊ နန်းမိုးဟွမ် ၏ မိသားစုဝင်များ၊ နမ့်ခမ်းမြို့နယ်ရှိ ရှမ်းလူမှုအဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်လေးဦးနှင့် TNLA တို့သည် “ဝ” ပြည်နယ်၊ ပန်ခမ်းမြို့၊ ပြင်ပဆက်ဆံရေးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နန်းမိုးဟွမ်အား လွှတ်ပေးရန် TNLA မှ သဘောတူခဲ့ခြင်းဖြစ်သည်။

**ရေဖြူမြို့နယ် အလယ်စခန်းရွာအနီး ခြံသမားသုံးဦးကို KNU တပ်ဖွဲ့ဝင် ရိုက်နှက်ခဲ့ဟုဆို**

အောက်တိုဘာလ ၈ ရက်နေ့တွင် ကရင့်အမျိုးသား အစည်းအရုံး (KNU) တပ်ဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အလယ်စခန်းကျေးရွာအနီး ကြောင်လျှာကွင်း၌ ဥယျာဉ်ခြံလုပ်ကိုင်နေသူ မောင်နိုင်အလင်း၊ မောင်နိုင်စိုးဝင်း နှင့် မောင်နိုင်လင်းတို့သုံးဦးအား ရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာအသီးသီးရရှိခဲ့သည်။ KNU စစ်သားများသည် ၎င်း၏ ရွာသားနှစ်ဦးနှင့် ဟံဂံရွာသား တစ်ဦးကို သေနတ်ဒင်ဖြင့် ထုရိုက်ခဲ့ပြီး၊ ဓါးပြား၊ လက်သီးနှင့် ခြေထောက်တို့ဖြင့်လည်း ရိုက်နှိက်ခဲ့သည့်ပြင်၊ ခြံပြင်မထွက်ရန်နှင့် သက်ဆိုင်ရာများကို တိုင်ကြားလျှင် သတ်ပစ်မည်ဟူ၍ ခြိမ်းခြောက် ပြောဆိုခဲ့ကြောင်း အလယ်စခန်းကျေးရွာ အုပ်ချုပ်ရေးမှူးဦးနိုင်တင်စန်း (ခ) ဦးနိုင်အရန်းမှ ပြောကြားခဲ့သည်။ ရွာသားသုံးဦး ရိုက်နှိက်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ ထားဝယ်မြို့ရှိ လွှတ်တော်အမတ်များထံ အကြောင်းကြားထားသည်ဟု သိရှိရသည်။

**ကွတ်ခိုင်တွင် ရွာသား ၄၀ ခန့်ကို လက်နက်ကိုင်အဖွဲ့ ဖမ်းဆီး**

အောက်တိုဘာလ ၂၇ ရက်နေ့တွင် မြောက်ပိုင်းပူးပေါင်း လက်နက်ကိုင်အဖွဲ့မှ အင်အား ၂၀၀ ခန့်မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ တာမိုညဲကျေးရွာအုပ်စု၊ ရှောက်ဟော်ကျေးရွာတွင် နေထိုင်သည့် ပလောင်တိုင်းရင်းသား ၃၀ ဦးနှင့် မုံးဝန်းလူမျိုး ၁၀ ဦးကို လူသစ်စုဆောင်းသည့်အနေဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ရှမ်းပြည် မြောက်ပိုင်းတွင် တအာင်းလွတ်မြောက်ရေးတပ်မတော်/ရှမ်းပြည်တိုးတက်ရေးပါတီ(TNLA /SSPP) မြောက်ပိုင်းပူးပေါင်း အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူတောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA) တို့ကြား တိုက်ပွဲများ ဖြစ်ပွားနေပြီး နစ်ဖက်စစ်ရေးပြင်ဆင်နေခြင်းနှင့် လူသစ်စုဆောင်းနေခြင်းတို့ကြောင့် နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများသည် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရသည်။

## ▶ လယ်ယာမြေအငြင်းပွားမှုများ

**လယ်ယာမြေဧက ၁၀၀၀ ကျော်တွင် ကျောက်မီးသွေးတူးဖော်မည့်စီမံကိန်းကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ နားဟီးရွာ၌ ကျောက်မီးသွေးတူးဖော်မည့်စီမံကိန်းအား ကန့်ကွက်သည့်အနေဖြင့် စက်တင်ဘာလ ၂၉ ရက်နေ့တွင် လူဦးရေ ၇၀၀ ကျော်ရှိသော လဲချားဒေသခံများနှင့် သံဃာတော်များအဖွဲ့မှ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ကုမ္ပဏီမှ ကျောက်မီးသွေးတူးဖော်မည့် ဧရိယာသည် ဧက ၁၃၀၀ ကျော်ရှိပြီး အဆိုပါဒေသသည် မြစ်ဖျား၊ ချောင်းဖျားခံရာနေရာများလည်း ဖြစ်သောကြောင့် လယ်ယာ မြေများအပြင် ချောင်းအောက်ပိုင်းရှိ လယ်ယာမြေများလည်း အဆိပ်ရေသင့်မည်ဖြစ်ကြောင်း လဲချား ဒေသခံများမှ ပြောကြားခဲ့သည်။ လဲချားမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းကျော်ဇေယျမှ အဆိုပါကိစ္စနှင့် ပတ်သက်၍ လွှတ်တော်ရှိ သယံဇာတ ထိန်းသိမ်းရေးကော်မတီထံသို့ တင်ပြထားပြီး မကြာမီ ယင်းကော်မတီမှ ကွင်းဆင်းကြည့်ရှုကာ ဒေသခံလူထုများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အမရပူရမြို့ပြ စီမံကိန်းတွင် အငြင်းပွားမှုဖြစ်**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းတွင် Mandalay Business Capital City Development (MBCCD) ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမရပူရမြို့ပြစီမံကိန်းတွင် တောင်သူပိုင် မြေဧက ၇၀ ခန့်ကို စီမံကိန်း ဧရိယာအတွင်းထည့်သွင်း၍ ခြံခတ်၊ သဲဖို့နေခြင်းကြောင့် တောင်သူများနှင့် ကုမ္ပဏီဝန်ထမ်းများကြား အငြင်းပွားမှု ဖြစ်ပွားခဲ့သည်။ ဧက ၂၅၀၀ အကျယ်ရှိ ထိုစီမံကိန်းကို ၂၀၁၆ ခုနှစ်၌ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး တောင်သူ ၃၉ ဦး ပိုင်မြေဧကများကို မြေယာလျော်ကြေးပေးခြင်းမရှိသည့်အပြင် သဲဖို့နေသည့်အတွက် အောက်တိုဘာလ ၂ ရက်နေ့တွင် ဒေသခံ ၂၀ ဦးခန့်မှ ၎င်းတို့၏ မြေများပေါ်တွင် ဝင်ရောက် ခြံခတ်ရန် ကြိုးပမ်းခဲ့သော်လည်း စီမံကိန်း တာဝန်ရှိသူများမှ တားမြစ်ခဲ့သည်။

အဆိုပါမြေများသည် ၁၉၈၅ ခုနှစ် ကတည်းက တောင်သူများကို အာဏာများမှ တရားဝင်ပေးထားသည့် မြေများဖြစ်သည်ဟု ဒေသခံတောင်သူ ဦးစိုးတင့်မှ ပြောကြားခဲ့သည်။

**အကျဉ်းဦးစီးမှ သိမ်းယူထားသည့် လယ်ယာမြေဧက ၃၀၀ ကျော် ပြန်လည်စွန့်လွှတ်မည်**

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငမန်းရဲတိုက်နယ်၊ မြောက်ကြိမ်ကျေးရွာရှိ အကျဉ်းဦးစီးဌာနမှ သိမ်းယူထားသည့် လယ်ယာမြေဧက ၃၀၀ ကျော်ကို ပြန်လည်စွန့်လွှတ်ပြီး မူလတောင်သူများကို ပြန်လည်ပေးအပ်သွားမည်ဟု ရခိုင်ပြည်နယ် လွှတ်တော် လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းမှ အောက်တိုဘာလ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် တောင်သူ ၄၀ ကျော်ပိုင်ဆိုင်သည့် လယ်ယာမြေများကို အကျဉ်းဦးစီးဌာနမှ ရဲဘက်စခန်းအတွက် အသုံးပြုရန် သိမ်းယူခဲ့ပြီး ၂၀၀၈ ခုနှစ်ခန့်၌ အကျဉ်းစခန်းကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ သို့သော်လည်း တောင်သူများထံ ပြန်လည်စွန့်လွှတ်ပေးခဲ့ခြင်းမရှိဟု ဒေသခံများမှ ပြောကြားခဲ့သည်။

**အောင်သပြေကျေးရွာသားများ ရန်ကုန်တွင် ဆန္ဒပြ**

အောက်တိုဘာလ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာမှ ရွာသား

၂၀ ခန့်သည် အောင်သပြေကျေးရွာအနီး တည်ဆောက်နေသည့် ကျောက်မီးသွေးသုံး ဘိလပ်မြေ စက်ရုံစီမံကိန်းကို ကန့်ကွက်ကြောင်း ရန်ကုန်မြို့၌ ဆန္ဒပြခဲ့ကြသည်။ ထို့ပြင် ကျောက်မီးသွေးသုံး ဘိလပ်မြေစက်ရုံစီမံကိန်း အတွက် ကုန်ထုတ်လမ်းချဲ့ထွင်ရာတွင် ဒေသခံတောင်သူများပိုင်သည့် မြေများပါဝင်သည်ဟုဆိုကာ အောက်တိုဘာလ ၅ ရက်နေ့တွင် တောင်သူများမှ ကန့်ကွက်ခဲ့သောကြောင့် လုံခြုံရေးယူထားသည့် ရဲတပ်ဖွဲ့နှင့် တောင်သူများကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။

### လယ်ယာမြေအရေးဆောင်ရွက်ရာတွင် တောင်သူများ နစ်နာမှုမရှိအောင် ဖြေရှင်းပေးရန် သမ္မတ တိုက်တွန်း

သိမ်းဆည်းခံလယ်ယာမြေအရေးကို ဖြေရှင်းရာ၌ တောင်သူများ နစ်နာမှုမရှိစေရန်အတွက် အဂတိတရားကင်းစွာဖြင့် အမြန်ဆုံးဖြေရှင်းရန် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ အောက်တိုဘာလ ၆ ရက်နေ့တွင် မကွေးမြို့တော်ခန်းမ၌ မကွေး တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်တွင် တိုက်တွန်းပြောကြားခဲ့သည်။ မကွေးတိုင်းဒေသကြီး အတွင်းရှိ စိစစ်နေဆဲ လယ်ယာမြေအမှု ၆ မှုသာ ကျန်ရှိပြီး တရားရုံး၌ ရင်ဆိုင်နေရဆဲ အမှု ၂၀၀ ကျော် ကျန်ရှိနေသေးသည်ဟု သိရှိရသည်။

### သိမ်းယူထားသည့် လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ရန် တောင်သူများ တောင်းဆို

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ရေနံ့သာစိုက်ကွင်းအတွင်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိမ်းယူထားသည့် လယ်ယာမြေဧက ၆၀၀ ကျော်ကို ပြန်လည်စွန့်လွှတ်ပေးရန် အောက်တိုဘာလ ၆ ရက်နေ့တွင် တောင်သူ ၃၀ ခန့်မှ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ တောင်းဆိုခဲ့သည်။ သိမ်းယူခံခဲ့ရစဉ်အတိုင်း မြေဧက အားလုံးကို ပြန်လိုချင်သည်ဟု တံငါမြောက်ရွာမှ မြေသိမ်းခံတောင်သူ ဦးဘိုသောင်းမှ ပြောကြားခဲ့သည်။ အဆိုပါလယ်မြေဧက ၆၀၀ ကျော်ကို တောင်သူ ၁၃၀ ခန့်မှ ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပြီး သိမ်းယူခံခဲ့ရသည့်အချိန်တွင် လျော်ကြေး၊ နစ်နာကြေး ရရှိခဲ့ခြင်းမရှိဟု တောင်သူများမှ ပြောဆိုခဲ့ကြသည်။

ရေနံ့သာစိုက်ကွင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၁၉၈၅-၈၆ ခုနှစ်ခန့်တွင် သိမ်းယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်ဝန်းကျင်ကတည်းက တောင်သူများသည် သိမ်းဆည်းခံလယ်ယာမြေများအတွင်းတွင် ဝင်ရောက်စိုက်ပျိုးခွင့် ရရှိပြီးဖြစ်သော်လည်း တရားဝင်ပြန်လည်စွန့်လွှတ်ပေးခြင်းကို ပိုမိုလိုလားလျက်ရှိသည်။

### စီမံကိန်း ၃ ခုကြောင့် လယ်ယာမြေဆုံးရှုံးသူများ လျော်ကြေးရရှိရန် ဆန္ဒပြတောင်းဆို

မကွေးတိုင်းဒေသကြီးအတွင်း အကောင်အထည် ဖော်လျက်ရှိသော မြစ်ရေတင်စီမံကိန်း၊ မကွေး-နတ်မောက်ရထားလမ်း စီမံကိန်း၊ ပြည်တွင်းသုံး ဂက်စ်ပိုက်လိုင်း စီမံကိန်းများကြောင့် လယ်ယာမြေဆုံးရှုံးသွားသည့် တောင်သူများ လျော်ကြေးရရှိရန် အောက်တိုဘာလ ၇ ရက်နေ့တွင် တောင်သူ ၂၀၀ ခန့်သည် မကွေးမြို့တော်ခန်းမရှေ့၌ ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။

၂၀၀၁ ခုနှစ်ခန့်တွင် မကွေးမြို့နယ်၌ တည်ဆောက်ခဲ့သည့် သဖန်းဆိပ်မြစ်ရေတင်စီမံကိန်း၊ ၂၀၀၇ ခုနှစ်ခန့်တွင် ရေနံချောင်း-ချောက်မြို့နယ်မှ ရှမ်းပြည်နယ်ကို ဆက်ထားခဲ့သည့် ဂက်စ်ပိုက်လိုင်း စီမံကိန်း၊ ၂၀၁၂ ခုနှစ်ဝန်းကျင်မှ ဖောက်လုပ်ခဲ့သည့် မကွေး-နတ်မောက် ရထားလမ်းစီမံကိန်းများကြောင့် စုစုပေါင်း လယ်ယာမြေဧက ၃၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သည်။

### တပ်မတော်မှ စွန့်လွှတ်မြေများ တောင်သူများ လက်ဝယ်ပြန်လည်မရရှိသေး

အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဒေသခံတောင်သူများမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ငွေတောင်းကျေးရွာအနီးတွင် တပ်မတော်မှ စွန့်လွှတ်ပြီးဖြစ်သည့် လယ်ယာမြေ ၇၅ ဧကကို လေးနှစ်ကြာသည်အထိ လယ်ဝယ် မရရှိသေးကြောင်း ပြောကြားခဲ့သည်။ ဒေသခံတောင်သူများ စိုက်ပျိုးနေသည့် လယ်ယာ မြေများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ်၊ အမှတ် (၁၂၁) တပ်ရင်းတို့မှ ၁၉၇၃ ခုနှစ်တွင် သိမ်းယူခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် အဆိုပါမြေများကို ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သော်လည်း ၎င်းတို့ထံ ရောက်ရှိခြင်းမရှိသေးပါဟု ပြောကြားခဲ့သည်။

### သိမ်းဆည်းခံမြေယာများ ကာလပေါက်ဈေးတိုင်း လျော်ကြေးပေးရန် ဆန္ဒထုတ်ဖော်

ဂေါက်ကွင်းအဖြစ် သိမ်းဆည်းထားသည့် မြေများအတွက် လျော်ကြေးငွေကို ကာလပေါက်ဈေးအတိုင်း ပေးလျော်ပေးရန်နှင့် ဥပဒေအကာအကွယ်ပေးရန် အောက်တိုဘာလ ၈ ရက်နေ့တွင် ဒေသခံ ၂၀ ကျော်သည် ပြည်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

၁၉၉၆-၉၇ ခုနှစ်တွင် သဲကုန်းမြို့နယ်အခြေစိုက် တပ်မ (၆၆) မှ ထမ္မကောက်၊ တီတွတ်နှင့် စံပြ ကျေးရွာသုံးရွာမှ တောင်သူ ၁၉ ဦး ပိုင်ဆိုင်သော လယ်မြေ၊ ယာမြေနှင့် အိမ်ခြံမြေ စုစုပေါင်း ၇၅.၄၀ ဧကကို သိမ်းယူခဲ့သည်။ ၁၉၉၈ ခုနှစ်ခန့်မှစ၍ အဆိုပါမြေများကို ပြုပြင်ကာ သီရိခေတ္တရာဂေါက်ကွင်းအဖြစ် အကောင်အထည်ဖော်ခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အစိုးရ အဆက်ဆက်သို့ တင်ပြတိုင်ကြားခဲ့သော်လည်း မည်သူမျှ တာဝန်ယူမှုမရှိကြောင်း၊ မူလတောင်သူများမှာ စားဝတ်နေရေး အခက်အခဲများ၊ သားသမီးပညာရေးအခက်အခဲများကို ကြုံတွေ့နေရကြောင်း၊ သည်းခံရသည်မှာ နှစ် ၂၀ ကျော်နေပြီဖြစ်သော်လည်း လျော်ကြေးမပေးခဲ့သဖြင့် လက်ရှိကာလ ပေါက်ဈေးအတိုင်း ပေးလျော်စေလိုကြောင်း ဒေသခံ တောင်သူ ဦးမြင့်ထူးမှ ပြောကြားခဲ့သည်။

**ဂုတ်တွင်းလမ်းနှင့် ဂုတ်တွင်းရှောင်လမ်း စီမံကိန်းတွင် လယ်သမား ၆၂ ဦး လျော်ကြေးငွေ မရရှိသေး**

အောက်တိုဘာလ ၉ ရက်နေ့တွင် နောင်ချိုမြို့ရှိ ကျားခေါင်းပါတီ (SNLD) ၏ ရုံး၌ လယ်သမား ၆၂ ဦးနှင့် သိန္နီ၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံခဲ့ပွဲ၌ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်ရှိ ဂုတ်တွင်းလမ်းနှင့် ဂုတ်တွင်းရှောင်လမ်း စီမံကိန်းအတွက် လယ်ယာမြေသိမ်းဆည်းရာတွင် လျော်ကြေးမယူခဲ့သော လယ်သမား ၆၂ ဦးသည် ၎င်းတို့ တောင်းဆိုထားသည့် လျော်ကြေးငွေပမာဏ မရရှိသေးကြောင်း ပြောကြားခဲ့သည်။ ယခင်အစိုးရ လက်ထက်တွင် လယ်သမားများကို တစ်ဧကလျှင် ကျပ်သိန်း ၂၀၀ ကျပ်မှ ကျပ်သိန်း ၃၀၀ ထိပေးမည်ဟု သဘောတူထားသော်လည်း လက်တွေ့၌ တစ်ဧကလျှင် ကျပ်သိန်း ၁၀၀ သာပေးခဲ့ကြောင်း၊ ထို့ကြောင့် လယ်သမား ၆၂ ဦးသည် လယ်ယာမြေသိမ်းပါက မြေသိမ်းဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဟု ပြောဆိုကာ ၎င်းတို့ တောင်းဆိုထားသည့် လျော်ကြေးငွေကို စောင့်ဆိုင်းနေခြင်းဖြစ်သည်ဟု SNLD ဥက္ကဋ္ဌ စိုင်းအောင်မှိုင်းမှ ပြောဆိုခဲ့သည်။

ကျောက်မဲခရိုင်အတွင်း လမ်းသစ်ဖောက်လုပ်ရာတွင် Oriental Highway Company (OHC) ကုမ္ပဏီမှ တာဝန်ယူထားပြီး ကျောက်မဲမြို့နယ် ဒေသခံများ၏ လယ်ယာမြေ ၁၆၉ ဧက၊ နောင်ချိုမြို့ခံများ၏ လယ်ယာမြေ ၃၂၉ ဧက၊ စုစုပေါင်း ၄၉၉ ဧကကို သိမ်းဆည်းခဲ့ပြီး ၎င်းအနက် ၃၆ ဧကသည် အစိုးရ၏ လယ်ယာမြေများဖြစ်သည်။

**အမ်းမြို့နယ် တပ်သိမ်းမြေဧက ၃၀၀ ကျော်အား မူလတောင်သူများထံ ပြန်လည်ပေးအပ်**

အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ရှိ ရွှေအမ်းတောင်ခန်းမ၌ တပ်ရိက္ခာဖူလုံရေး အကြောင်းပြချက်ဖြင့် သိမ်းယူထားသည့် အမ်းမြို့နယ်ရှိ မြေဧက ၃၀၀ ဒသမ ၁၈ အား မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၃၇၃) ခြေမြန်တပ်ရင်းမှ အမ်းမြို့နယ်၊ ကျောင်းမြောင်းကျေးရွာအုပ်စုရှိ တောင်သူ ၄၁ ဦးပိုင်ဆိုင်သည့် ၃၀၀ ဒသမ ၁၈ ဧကကျယ်ဝန်းသော ရေငန်တားတမံကို သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ သိမ်းဆည်းထားသည့် လယ်ယာမြေများ အားလုံးကို မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့် လက်မှတ် ပုံစံ (၁) ဖြင့် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါတောင်သူများအတွက် တရားဝင်လုပ်ကိုင်ခွင့်ရရှိရန် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုမှ ယင်းအခမ်းအနားတွင် ပြောကြားခဲ့ သည်။

**ပဲခူးတိုင်းဒေသကြီးရှိ ခြောက်မြို့နယ်မှ တောင်သူများ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး ညီလာခံကျင်းပ**

သိမ်းဆည်းခြင်းခံထားရသော လယ်ယာမြေများပြန်လည်ရရှိရန် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဖဒိုမြို့၌ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်းရှိ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါး၊ ကျောက်ကြီး၊ ဒိုက်ဦးနှင့် ပဲခူးမြို့နယ်စသည့် မြို့နယ်ခြောက်မြို့နယ်မှ မြေသိမ်းဆည်းခံတောင်သူ ၃၀၀ ကျော် စုပေါင်း၍ ညီလာခံကျင်းပခဲ့ကြသည်။ ပဲခူးခရိုင်အတွင်းရှိ သိမ်းဆည်းခံလယ်ယာမြေပြဿနာနှင့် အင်းလုပ်ငန်းပြဿနာများ များစွာရှိနေခြင်းကြောင့် တောင်သူများအနေဖြင့် ဥပဒေနှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ တိုင်းအစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြတိုင်ကြားခဲ့သော်လည်း ထိရောက်သည့် ဖြေရှင်းစစ်ဆေးမှုများမရှိသောကြောင့် တောင်သူများ စုပေါင်း၍ ညီလာခံကျင်းပရခြင်းဖြစ်ပြီး ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များနှင့် ကြေညာချက်များကို ထုတ်ပြန်ကာ သမ္မတထံ တင်ပြသွားမည်ဟု ပြည်ထောင်စု တိုင်းရင်းသား တောင်သူ လယ်သမားသမဂ္ဂ အတွင်းရေးမှူး ဦးဇော်ရမ်းမှ ပြောကြားခဲ့သည်။ ထို့ပြင် တောင်သူများ၏ ဆုံးဖြတ်ချက်နှင့် ကြေညာချက်များကို အစိုးရထံတင်ပြ၍ ထိရောက်သည့် ဖြေရှင်းမှုများ ပြုလုပ်

ပေးခြင်းမရှိပါလျှင် ပဲခူးတိုင်းအတွင်း၌ရှိသော သိမ်းဆည်းခံ တောင်သူများ စုပေါင်းပြီး တစ်တိုင်းလုံး အနေဖြင့် လမ်းပေါ်ထွက်ဆန္ဒပြတောင်း ဆိုသွားမည်ဟု လယ်သမားအရေးဆောင်ရွက်သူ ကိုတင်ဇော်ဝင်းမှ ပြောဆိုခဲ့သည်။

**အစိုးရထံ ပြည်သူများ၏ တိုင်ကြားစာများထဲ၌ မြေယာပြဿနာ အများဆုံးဖြစ်နေ**

၂၀၁၈ ခုနှစ်တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီသို့ ပြည်သူများမှ တိုင်ကြားသည့် ကိစ္စများထဲတွင် မြေယာပြဿနာသည် အများဆုံးဖြစ်သည်ဟု စိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဦးစောလှမြင့်မှ ပြောကြားခဲ့သည်။ မြေယာကိစ္စများတွင် တပ်နှင့် ဖြစ်ပွားသည့်ကိစ္စများ၊ အစိုးရဌာနဆိုင်ရာနှင့် ဖြစ်ပွားသည့်ကိစ္စများ၊ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ဖြစ်ပွားသည့် ကိစ္စများ၊ ကုမ္ပဏီများနှင့် ဖြစ်ပွားသည့်ကိစ္စများစသည်တို့ ပါဝင်သည်။

**တပ်သိမ်းမြေစွန့်လွှတ်မှုကို လယ်ယာမြေပြန်လည်စိစစ်ရေး ကော်မတီမှ အပြည့်အဝ ပြန်မပေးဟုဆိုကာ ရှင်းလင်းပွဲပြုလုပ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သရက်ပင်ကံဆွယ်ကျေးရွာအုပ်စုတွင် တပ်မတော်မှ သိမ်းဆည်းပြီးနောက် ပြန်လည်စွန့်လွှတ်ထားသော်လည်း မြို့နယ်လယ်ယာမြေပြန်လည်စိစစ်ရေး ကော်မတီမှ အပြည့်အဝ ပြန်ပေးခြင်းမရှိ၍ မြေသိမ်းဆည်းခံ တောင်သူများသည် မန္တလေးမြို့ မီဒီယာစင်တာ၌ အောက်တိုဘာလ ၂၅ ရက်နေ့တွင် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

၁၉၉၅-၉၆ ခုနှစ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအဖြစ် မြစ်သားမြို့နယ်၊ သရက်ပင် ကံဆွယ်ကျေးရွာအုပ်စုရှိ တောင်သူ ၁၆ ဦးပိုင်မြေ ၂၁၈ ဧကကျော်ကို သိမ်းယူခဲ့သည်။ ၂၀၁၇ ခုနှစ်၌ ထိုမြေများကို ပြန်လည်စွန့်လွှတ်ခဲ့သော်လည်း မြို့နယ်လယ်ယာမြေပြန်လည်စိစစ်ရေး ကော်မတီမှ သိမ်းဆည်းမြေ၏ ၂၀ ရာခိုင်နှုန်းသာ ပြန်လည်ပေးခဲ့ကြောင်း သိမ်းဆည်းခံတောင်သူ တစ်ဦးဖြစ်သည့် ဦးခင်မောင်ထွန်းမှ ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ မေလတွင် တောင်သူ ၁၆ ဦးပိုင် သိမ်းဆည်းမြေ ၂၁၈ ဧကကို လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) ပြန်လည်ပေးအပ်ရာတွင် အခြားစိုက်ကွင်းမှ သိမ်းဆည်းခံရသော တောင်သူ ၃၇ ဦး ကိုပါ ခွဲဝေပေးခဲ့သည်။ ထိုကဲ့သို့ ခွဲဝေချထားမှုအပေါ် မူလပိုင်ရှင် ၁၆ ဦးမှ ကန့်ကွက်လျှက်ရှိပြီး ၎င်းတို့ပိုင်မြေများကို အပြည့်အဝပေးရန် တောင်းဆိုလျှက်ရှိ သည်။

တောင်သူ ၁၆ ဦး လုပ်ကိုင်နေသော တပ်သိမ်းမြေ ၂၁၈ ဧက ကျော်နေရာကို တပ်မတော်မှ အခြားစိုက်ကွင်းမှ သိမ်းဆည်းခံ တောင်သူ ၃၇ ဦးကိုပါ ထပ်မံ နေရာအစားထိုးပေးခဲ့ပြီး မူလလုပ်ကိုင်နေသူနှင့် မြေနေရာအစားရရှိသူတို့အကြား အငြင်းပွားမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်လယ်ယာမြေပြန်လည်စိစစ်ရေးကော်မတီဝင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်မှ ပြောကြားခဲ့သည်။ ထိုသို့ဖြစ်ပွားမှုကြောင့် အချိုးကျ ခွဲဝေချထားပေးခဲ့ကြောင်း ၎င်းမှ ဆက်လက်ပြောကြား ခဲ့သည်။

**မကွေးတိုင်းဒေသကြီးတွင်းရှိ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးအပ်**

အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကြံခင်း - ပခုက္ကူ မီးရထားလမ်း ဖောက်လုပ်ခဲ့စဉ်က သိမ်းဆည်းခဲ့သော မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ မင်းကုန်းကျေးရွာ၊ ကျောင်းမကုန်းကျေးရွာ၊ ရန်အောင်ချောင်းကျေးရွာရှိ လယ်ယာမြေ ၃၁.၁၃ ဧကကို မူလတောင်သူ ၁၈ ဦးထံ ပြန်လည်ပေးအပ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အဆိုပါ မီးရထားလမ်းဖောက်လုပ်ရန်အတွက် ကံမမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ အုပ်စုမှ လယ်ယာမြေ ၄၆၀.၄၇ ဧကခန့်ကို သိမ်းဆည်းခဲ့သည်။ ယင်းသိမ်းဆည်းမြေများနှင့် ပတ်သက်၍ သိမ်းဆည်းခံလယ်ယာမြေဧက ၄၄၄.၁၃ ဧကအတွက် လျော်ကြေးငွေ ၇၇၇.၆၂၀ သန်းပေးလျော်မည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းမှ ပြောကြားခဲ့သည်။

**သိမ်းဆည်းထားသော ယာမြေများပြန်ရရေး ခင်ဦးနှင့် တန့်ဆည်မြို့နယ်မှ တောင်သူများ မုံရွာမြို့သို့ လမ်းလျှောက်ဆန္ဒပြ**

သိမ်းဆည်းထားသော ယာမြေများပြန်လည်ရရှိရေးအတွက် အောက်တိုဘာလ ၂၉ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးနှင့် တန့်ဆည်မြို့နယ်မှ တောင်သူများသည် စစ်ကိုင်းတိုင်းအစိုးရအဖွဲ့ရုံးစိုက်ရာ မုံရွာသို့ လမ်းလျှောက် ဆန္ဒပြခဲ့ကြသည်။ ခင်ဦးမြို့နယ်မှ မုံတောမြောက်ရွာနှင့် တန့်ဆည်မြို့နယ်မှ အက်တောကျေးရွာရှိ ယာမြေများကို အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ သိမ်းဆည်းခဲ့ပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ အပြီးအပိုင်

လွှဲပြောင်းရောင်းချခဲ့သောကြောင့် မူလတောင်သူများ၏ လက်ဝယ်သို့ ပြန်လည်စွန့်လွှတ်အပ်နှံရေးအတွက် မုံတောနှင့် အက်တောကျေးရွာမှ တောင်သူများ သည် စုပေါင်း၍ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။ တောင်သူများသည် ၎င်းတို့၏ လယ်ယာမြေများပေါ်တွင် ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့ဖူးသော်လည်း တိုင်းဒေသကြီး အစိုးရ၏ မြေများပြန်လည်စစ်ဆေးရေးအဖွဲ့မှ ပြန်လည်ပေးအပ်နိုင်ခြင်းမရှိဟု လွှဲချနေကြသည့်တွက် ယခုလိုဆန္ဒပြတောင်းဆိုရ ခြင်းဖြစ်သည်ဟု အက်တောကျေးရွာနေ ဦးခင်မောင်ထွန်းမှ ပြောကြားခဲ့သည်။

**ပြင်ဦးလွင်မှ တပ်သိမ်းမြေ ဧက ၁ဂဂဂ ကျော်အား တောင်သူများကို ပြန်လည်ပေးအပ်**

အောက်တိုဘာလ ၃ဂ ရက်နေ့တွင် သပိတ်ကျင်း မြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်း မြို့နယ်အတွင်းရှိ သိမ်းဆည်းမြေဧက ၁ဂဂဂ ကျော်အား လက်ရှိစိုက်ပျိုးနေသည့် တောင်သူများထံသို့ ပြန်လည်ပေးအပ်ပွဲကို ပြုလုပ်ခဲ့သည်။ အဆိုပါပြန်လည်စွန့်လွှတ်သည့်မြေများသည် တပ်ရင်းတပ်ဖွဲ့များတိုးချဲ့ရာတွင် သိမ်းဆည်းခဲ့သည့် မြေယာများဖြစ်ပြီး ပြန်လည်စွန့်လွှတ်ပေးခဲ့သည့် ၂,၅၉ဂ ဧကမှ စိစစ်ပြီးသည့် မြေဧက ၁,၁ဂ၇ ဒသမ ၅၉ ဧကအတွက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) ကို ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ယာယီ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၃) ကို ဖိုကုန်းကျေးရွာ၊ စံပွာယ်နဂိုရ်ရွာနှင့် မိုင်းဒိုင်းရွာတို့မှ တောင်သူ ၁၂၄ ဦးထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားကို ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စု ဒုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

- စရဖတပ်ဖွဲ့မှ တပ်ကြပ်တစ်ဦးသေဆုံးမှုနှင့် ပတ်သက်၍ ရခိုင်လူငယ်သုံးဦး ဖမ်းဆီးခြင်းခံရ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ရှေ့ဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ရှေ့ဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ရှေ့ဝတီ/မြန်မာ

- ဖယ်ယွင်သဝိတ် အကြမ်းဖက်ခံရမှုပေါ် ရှုတ်ချကြောင်း လက်ကမ်းစာစောင်ဝေသူ နှစ်ဦး ဖမ်းဆီးခြင်းခံရ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ The Voice/မြန်မာ

- တပ်မတော်မှ KBC ဓမ္မ ဆရာမ အပါဝင် အရပ်သား ၁၅ ဦးကို ဖမ်းဆီး
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ Kachin News/မြန်မာ

- တပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းထားသော ကချင်ရွာသားများကို ဖမ်းဆီး
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်၊ မြန်မာတိုင်းမ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ Network Media Group

## တရားစွဲဆိုခံရခြင်းများ

- ရေမည်းညစ်ခြင်းကြောင့် နုံးများ သေဆုံးဟု လူမှုကွန်ရက်တွင် ရေးသားသူ ဆက်သွယ်ရေး ပုဒ်မဖြင့် အမှုဖွင့်ခံရ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ The Voice/မြန်မာ

- Eleven သတင်းထောက်များကို တရားစွဲဆိုဖမ်းဆီး
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ရှေ့ဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ Frontier Myanmar
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ရှေ့ဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ရှေ့ဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ မြန်မာတိုင်းမ်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ မြန်မာတိုင်းမ်
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ မြန်မာတိုင်းမ်

- ပုဒ်မ ၁၉ ကို ဖောက်ဖျက်ရာရောက်သည့်အတွက် ဖုယွင်အလုပ်သမားသပိတ်ကို ထောက်ခံကြောင်း ဦးဆောင်ဆန္ဒပြခဲ့သူ လေးဦးကို ရဲစခန်း၌ လာရောက်ရှင်းလင်းရန် အကြောင်းကြား
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ပေါ်ပြူလာ/မြန်မာ

- NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ မျိုးညွန့်ကို လွှတ်တော်အမတ်မှ အမှုဖွင့်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ

- ချင်းအမျိုးသားတပ်ဦး တပ်ဖွဲ့ဝင် ၂ ဦးကို မတရားအသင်းဥပဒေဖြင့် အမှုဖွင့်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- တပ်မတော်အရာရှိများကို ကုလနှင့် အိုင်စီစီမှ အမြန်ဆုံးအရေးယူရေး ဆန္ဒထုတ်ဖော်သူနှစ်ဦး ငြိမ်းစုစီ ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ခံရ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ 7 Day Daily/မြန်မာ

## တရားရင်ဆိုင်ရခြင်းများ

- တနင်္သာရီအပတ်စဉ်ဂျာနယ်ကို စွဲချက်တင်ရန် တရားရုံးဆုံးဖြတ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ မြန်မာတိုင်းမ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ

- မြောက်ဦးမြို့နယ်တရားရုံးမှ လွှတ်ပေးခဲ့သော လူငယ်ရှစ်ဦးကို ရဲမှ အာမခံပေး
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ

- ကချင်တိုင်းရင်းသား တက်ကြွလှုပ်ရှားသူနှစ်ဦး အယူခံပယ်ချခံရ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

- ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် တစ်ဦးကို ဝေဖန်သူကို ထောင်ဒဏ် ၆ လ အမိန့်ချ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ မဇ္ဈိမ

- ကိုအောင်ကိုထွေးသည် ပုဒ်မ ၇ ကို ကျူးလွန်ခြင်း မရှိကြောင်း တရားရုံးဆုံးဖြတ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ The Voice/မြန်မာ

## ထောင်တွင်းအခြေအနေများ

- တရားလွှတ်တော်ရှေ့နေဟောင်း ဦးဇော်ဟင်းကို ရဲတပ်ဖွဲ့မှ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း မရှိဟုဆို
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ 7 Day Daily/မြန်မာ

## ထောင်မှလွတ်မြောက်မှုများ

- ပြစ်မှုဆိုင်ရာပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခံထားရသည့် တောင်သူများအား မဟာအောင်မြေ တရားရုံးမှ တရားသေ လွှတ်ကြောင်း အမိန့်ချမှတ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

## နိုင်ငံရေးအကျဉ်းသားများ

- ဝါရင့်နိုင်ငံရေးသမားကြီး နိုင်ငွေသိမ်း ကွယ်လွန်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ ဧရာဝတီ

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ

- တပ်မ ၆၆ စစ်သားများ မုံးကိုးဒေသခံရွာသားများထံမှ ရိက္ခာ လုယူနေ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ BNI/မြန်မာ

- UWSA ဖမ်းထားသည့် "၀" ခရစ်ယာန်ဓမ္မဆရာများ ပြန်လည်လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- TNLA မှ ဖမ်းဆီးထားသော ရှမ်းအမျိုးသမီး နန်းမိုးဟွမ် လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ မြန်မာတိုင်းမ်
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ BNI

- ရေဖြူမြို့နယ် အလယ်စခန်းရွာအနီး မြဲသမားသုံးဦးကို KNU တပ်ဖွဲ့ဝင် ရိုက်နှက်ခဲ့ဟုဆို
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ BNI/မြန်မာ

- ကွတ်ခိုင်တွင် ရွာသား ၄၀ ခန့်ကို လက်နက်ကိုင်အဖွဲ့ ဖမ်းဆီး
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ The Voice/မြန်မာ

## လယ်ယာမြေပြဿနာများ

- လယ်ယာမြေဧက ၁၀၀၀ ကျော်တွင် ကျောက်မီးသွေးတူးဖော်မည့်စီမံကိန်းကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ BNI

- အမရပူရမြို့ပြ စီမံကိန်းတွင် အငြင်းပွားမှုဖြစ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ 7 Day Daily/မြန်မာ

- အကျဉ်းဦးစီးမှ သိမ်းယူထားသည့် လယ်ယာမြေဧက ၃၀၀ ကျော် ပြန်လည်စွန့်လွှတ်မည်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- အောင်သပြေကျေးရွာသားများ ရန်ကုန်တွင် ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- လယ်ယာမြေအရေးဆောင်ရွက်ရာတွင် တောင်သူများ နစ်နာမှုမရှိအောင် ဖြေရှင်းပေးရန် သမ္မတ တိုက်တွန်း
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- သိမ်းယူထားသည့် လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ရန် တောင်သူများ တောင်းဆို
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- စီမံကိန်း ၃ ခုကြောင့် လယ်ယာမြေဆုံးရှုံးသူများ လျော်ကြေးရရှိရန် ဆန္ဒပြတောင်းဆို
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- တပ်မတော်မှ စွန့်လွှတ်မြေများ တောင်သူများ လက်ဝယ်ပြန်လည်မရရှိသေး
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ မဇ္ဈိမ/မြန်မာ

- သိမ်းဆည်းခံမြေယာများ ကာလပေါက်ဈေးတိုင်း လျော်ကြေးပေးရန် ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ The Voice/မြန်မာ

- ဂုတ်တွင်းလမ်းနှင့် ဂုတ်တွင်းရှောင်လမ်း စီမံကိန်းတွင် လယ်သမား ၆၂ ဦး လျော်ကြေးငွေ မရရှိသေး
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ BNI/မြန်မာ

- အမ်းမြို့နယ် တပ်သိမ်းမြေဧက ၃၀၀ ကျော်အား မူလတောင်သူများထံ ပြန်လည်ပေးအပ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဧရာဝတီ/မြန်မာ

- ပဲခူးတိုင်းဒေသကြီးရှိ ခြောက်မြို့နယ်မှ တောင်သူများ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး ညီလာခံကျင်းပ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ

- အစိုးရထံ ပြည်သူများ၏ တိုင်ကြားစာများထဲ၌ မြေယာ ပြဿနာ အများဆုံးဖြစ်နေ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ BNI/မြန်မာ

- တပ်သိမ်းမြေစွန့်လွှတ်မှုကို လယ်ယာမြေပြန်လည် စိစစ်ရေးကော်မတီမှ အပြည့်အဝ ပြန်မပေးဟုဆိုကာ ရှင်းလင်းပွဲ ပြုလုပ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ 7 Day Daily/မြန်မာ

- မကွေးတိုင်းဒေသကြီးတွင်းရှိ သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ပေးအပ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ မဇ္ဈိမ/မြန်မာ

- သိမ်းထားသော ယာမြေများပြန်ရရေး ခင်ဦးနှင့် တန့်ဆည်မြို့နယ်မှ တောင်သူများ မုံရွာမြို့သို့ လမ်းလျှောက်ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

- ပြင်ဦးလွင်မှ တပ်သိမ်းမြေ ဧက ၁၀၀၀ ကျော်အား တောင်သူများကို ပြန်လည်ပေးအပ်
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ 7 Day Daily/မြန်မာ

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင်အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁
အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈